http://www.dhammadownload.com



## ၅-သင်္ဂါရဝသုတ်

၂၃၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း တခါတရံ ဗေဒင်တို့သည် ဉာဏ်၌ မထင်ပါကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်ပါမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ယင်းအကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဂေါတမ ကာလရှည်စွာ ရွတ်အံ့ (သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း တခါတရံ ဗေဒင်တို့သည် ဉာဏ်၌ ထင်ကြပါ၏၊ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကြကုန်ပါမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ယင်းအကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ပုဏ္ဏား ကာမရာဂထကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော ကာမရာဂ၏ လွတ် မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံ ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို ပြုပါကုန်သော် လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကြကုန်မူကား အဘယ် ဆိုဖွယ်ရာရှိအံ့နည်း။ ပုဏ္ဏား ဥပမာသော်ကား ချိတ်နှင့် ဖြစ်စေ နှင်းနှင့် ဖြစ်စေ မဲနယ်နှင့် ဖြစ်စေ ထန်းကျင့်(နီပါးဆေး)မှုန့်နှင့်ဖြစ်စေ ရောနှောသော ရေခွက်သည် ရှိ၏၊ ထိုရေခွက်၌ မျက်စိအမြင် ရှိသောယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင် (ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ မသိ မမြင်နိုင်ရာ။ ပုဏ္ဏား ထို့အတူပင် ကာမရာဂထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာ သော ကာမရာဂ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ မမြင်၊အကျိုးနှစ်မျိုးစုံတို့ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်) မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန် မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

http://www.dhammadownload.com



ပုဏ္ဏားနောက်တမျိုးကား ပျက်စီးစေလို့မှု ‘ဗျာပါဒ’ ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော ပျက်စီးစေလိုမှု ‘ဗျာပါဒ’၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်၊ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်မှုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပုဏ္ဏား ဥပမာသော်ကား မီးဖြင့် ပူစေအပ်သော ရေခွက်သည် ဆူပွက်၏၊ ရေခိုး ရေငွေ့ဖြစ်၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု) လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ။ ပုဏ္ဏား ထို့အတူပင် ပျက်စီးစေလိုမှု ‘ဗျာပါဒ’ ထကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော ပျက်စီးစေလိုမှု ‘ဗျာပါဒ’၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား လေးလံထိုင်းမှိုင်းမှု ‘ထိနမိဒ္ဓ’ ထကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်းမှု ‘ထိနမိဒ္ဓ’၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ရေခွက်သည် မှော်သေးရေညှိတို့ဖြင့် မြှေးယှက် (ဖုံးလွှမ်း) နေ၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင် (ကြည့်ရှု) လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ၊ ပုဏ္ဏား ထို့အတူပင် လေးလံထိုင်းမှိုင်းမှု ‘ထိနမိဒ္ဓ’ ထကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်းမှု ‘ထိနမိဒ္ဓ’၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား စိတ်ပျံ့လွင့်မှု ‘ဥဒ္ဓစ္စ’ နောင်တတတဖန်ပူပန်မှု ‘ကုက္ကုစ္စ’ ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော စိတ်ပျံ့လွင့်မှု ‘ဥဒ္ဓစ္စ’ နောင်တတတဖန် ပူပန်မှု ‘ကုက္ကုစ္စ’တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ (သရဇ္ဈာယ်)မှုကို

http://www.dhammadownload.com



မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပုဏ္ဏားဥပမာသော်ကား လေတိုက်သောရေခွက်သည် လှုပ်ရှား၏၊ တုန်လှုပ်၏၊ လှိုင်းထ၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ပုဏ္ဏားထို့အတူပင် စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ' နောင်တတတဖန်ပူပန်မှု 'ကုက္ကုစ္စ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ'နောင်တတတဖန်ပူပန်မှု'ကုက္ကုစ္စ'တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ရေခွက်သည် နောက်ကျု၏၊ မငြိမ်သက်၊ ရွှံ့နှစ်ရေဖြစ်၏၊ အမှောင်၌ ထား၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်ကြည့်ရှုလတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ။ ပုဏ္ဏား ထို့အတူပင် မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊အကျိုးနှစ်မျိုးပုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် တခါတရံ ဉာဏ်၌ မထင်ကုန်၊ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပုဏ္ဏား ဤသည်ပင် အကြောင်းတည်း၊ဤသည်ပင် အထောက်အပံ့တည်း။ယင်းအကြောင်း အထောက်အပံ့ကြောင့် ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် တခါတရံ ဉာဏ်၌ မထင်ကုန်၊ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား ကာမရာဂ ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ချိတ်နှင့်ဖြစ်စေ နှံနွင်းနှင့်ဖြစ်စေ မဲနယ်နှင့်ဖြစ်စေ ထန်းကျင့်(နီပါးဆေး)မှုန့်နှင့်ဖြစ်စေ မရောနှောသော ရေခွက်သည် ရှိ၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော

http://www.dhammadownload.com



ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ ပုဏ္ဏား ထို့အတူပင် ကာမရာဂ ထကြွနှိပ်စက်သော စိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား ပျက်စီးစေလိုမှု 'ဗျာပါဒ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော ပျက်စီးစေလိုမှု 'ဗျာပါဒ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား မီးဖြင့်မပူစေအပ်သော ရေခွက်သည် မဆူမပွက် ရေခိုးရေငွေ့မထွက်၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည်မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ပုဏ္ဏား ထို့အတူပင် ပျက်စီးစေလိုမှု 'ဗျာပါဒ' ထကြွနှိပ်စက်သော စိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော ပျက်စီးစေလိုမှု 'ဗျာပါဒ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ (သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ရေခွက်သည် မှော်သေးရေညှိတို့ဖြင့် မမြှေးယှက်၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ပုဏ္ဏား ထို့အတူပင် လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

http://www.dhammadownload.com



ပုဏ္ဏားနောက်တမျိုးကား စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နှောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နှောင်တတဖန် ပူပန်မှု'ကုက္ကုစ္စ'တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား လေမတိုက်သော ရေခွက်သည် မလှုပ်ရှား မတုန်လှုပ် လှိုင်းမထ၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ ပုဏ္ဏား ထိုအတူပင် စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ'နှောင်တတဖန် ပူပန်မှု'ကုက္ကုစ္စ'ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ' နှောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ' တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ့ (သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ရေခွက်သည် ကြည်လင်၏၊ အထူးသဖြင့် ကြည်လင်၏၊ မနောက်ကျု၊ အလင်းရောင်၌ထား၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ ပုဏ္ဏား ထိုအတူပင် မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ' ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ပုဏ္ဏား ဤသည်ပင် အကြောင်းတည်း၊ ဤသည်ပင် အထောက်အပံ့တည်း၊ ယင်း အကြောင်း အထောက်အပံ့ကြောင့် ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း တခါတရံ ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

http://www.dhammadownload.com



ပုဏ္ဏား ဤဗောဇ္ဈင်ခုနစ်မျိုးတို့ကား မပိတ်ပင် မတားဆီးတတ်ကုန်၊ စိတ်ကို မညစ်ညူးစေတတ်ကုန်၊ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'(ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'အကျိုးကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏။အဘယ်ခုနစ်မျိုးတို့နည်း၊ ပုဏ္ဏား သတိသမ္ဗောဇ္ဈင်သည် မပိတ်ပင် မတားဆီးတတ် စိတ်ကို မညစ်ညူးစေတတ်၊ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'(ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုရန်ဖြစ်၏။ပ။ပုဏ္ဏား ဥပေက္ခာသမ္ဗောဇ္ဈင်သည် မပိတ်ပင် မတားဆီးတတ် စိတ်ကို မညစ်ညူးစေတတ်၊ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'(ကိလေသာမှ)လွတ်မြောက်မှု'ဝိမုတ္တိ'အကျိုးကို မျက်မှောက်ပြုရန်ဖြစ်၏။ ပုဏ္ဏား ဤဗောဇ္ဈင်ခုနစ်မျိုးတို့ကား မပိတ်ပင် မတားဆီးတတ်ကုန်၊ စိတ်ကို မညစ်ညူးစေတတ်ကုန်၊ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'(ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)၊ ဤသို့ ဟောကြားလတ်သော် သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏ "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ရောက်သော ဥပါသကာ ဟု မှတ်တော်မူပါ"ဟု (လျှောက်၏)။

ပဉ္စမသုတ်။